**Dawei Development Association**
Dawei Township, Tanintharyi Region,Myanmar
dda.dawei@gmail.com

**သတင်းထုတ်ပြန်ချက်**
**၁၁ နိုဝင်ဘာ ၊ ၂၀၁၄**

## မြန်မာအစိုးရနှင့် ထိုင်းအစိုးရအနေဖြင့် စီမံကိန်း လုပ်ပိုင်ခွင့် အသစ်အားပေးအပ်ခြင်းမပြုလုပ်မီ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဖြစ်ပေါ်လျက်ရှိသော ပြဿနာများအား တာဝန်ယူဖြေရှင်းပေးရန်

၂၅ ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးမတိုင်မီ ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့နှင့် ဒေသခံများမှ မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အား ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ဖြစ်ပေါ်သောပြဿနာများကို တာဝန်ယူဖြေရှင်းပေးရန် ၊ ပွင့်လင်းမြင်သာမှုကို အာမခံပေးရန် ၊ အီတာလျံထိုင်း ကုမ္ပဏီ၏ စီမံကိန်းတွင် အနာဂတ် ပါဝင်ပတ်သက်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် ၊ စီမံကိန်းကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်မှုများကို တာဝန်ယူပေးရန် တောင်းဆိုလိုက်သည် ။ အာဆီယံနှင့် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များတွင် တွေ့ဆုံကြမည် ။ ၂၀၁၄ ခုနှစ်အတွင်း ဒုတိယအကြိမ်ကျင်းပသည့် အာဆီယံထိပ်သီးဆွေးနွေးပွဲသည် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အနေဖြင့် အထက်ပါကိစ္စရပ်များကို ပူးတွဲဖြေရှင်းနိုင်သည့် အခွင့်အရေးပင်ဖြစ်သည် ။

ထိုင်းလူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေးလျက်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် ၂၀၀၈ခုနှစ်တွင် ထိုင်းနှင့် မြန်မာအစိုးရအကြား ရေးထိုးသော နားလည်မှု စာချွန်လွှာအရ စတင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံထိပ်သီး အစည်းအဝေးအတွင်း မြန်မာအစိုးရအနေဖြင့် ထိုင်းကုမ္ပဏီနှစ်ခုဖြစ်သော အီတာလျံကုမ္ပဏီနှင့် ရိုဂျာနာစက်မှုဇုန် လီမီတက်တို့ကို စီမံကိန်းကနဦးအဆင့်အား ဖက်စပ်လုပ်ပိုင်ခွင့် ကြေညာမည်ဟုသိရသည် ။ စီမံကိန်းကနဦးအဆင့်တွင် ဆိပ်ကမ်းအသေးတစ်ခု ၊ နှစ်လမ်းသွားလမ်းမကြီး ၊ ရေလှောင်တမံနှင့် ဆက်သွယ်ရေးစနစ်များပါဝင်သည် ။ ၂၀၁၃ နိုဝင်ဘာတွင် မြန်မာနှင့် ထိုင်းအစိုးရတို့သည် စီမံကိန်းလုပ်ပိုင်ခွင့်အား အီတာလျံထိုင်းဆီမှ ရုတ်သိမ်းလိုက်ပြီး အစိုးရနှစ်ရပ် ဆတူရှယ်ယာပါဝင်သော အသစ်ဖွဲ့စည်းလိုက်သည့် ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမီတက် သို့လွှဲအပ်ခဲ့သည် ။

အီတာလျံထိုင်းမှ စီမံကိန်းအကောင်အထည်ဖော်ခဲ့သည့် အချိန်အတွင်း မြေယာသိမ်းဆည်းမှု ၊ သင့်တင့်မျှတခြင်းမရှိသော ပြောင်းရွှေ့နေရာချထားမှုနှင့် လျော်ကြေး ၊ လယ်ယာမြေနှင့် သစ်တောများအား ဆုံးရှုံးမှု အတွက် နစ်နာကြေးမရရှိမှု စသည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာရပ်များ ဖြစ်ပေါ်ခဲ့သည် ။ ထို့အပြင် ဒေသခံလူထု၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို ထိခိုက်စေခဲ့သည် ။ စီမံကိန်းတွင် ပါဝင်ပတ်သက်ခဲ့သည့် မည်သည့်အဖွဲ့အစည်းမှ အဆိုပါ ပြဿနာရပ်များအား တာဝန်ယူဖြေရှင်းခဲ့ခြင်းမရှိပါ ။ ပြဿနာများကို

ဖြစ်ပေါ်စေခဲ့ပြီး တာဝန်ယူခြင်းမရှိခဲ့သည့် အီတာလျံကုမ္ပဏီအနေဖြင့် ၇၅ နှစ်စာလုပ်ပိုင်ခွင့်အသစ်အား ပြန်လည်ရရှိမည်ဟု ကြားသိရခြင်းအပေါ် ဒေသခံလူထုအနေဖြင့် အလွန်အမင်းစိုးရိမ်ပူပန်လျက် ရှိသည်။

အရင်လက DDA နှင့် ထားဝယ်အထူးစီးပွားရေးဇုန်ကြောင့် ထိခိုက်ခံစားရသော ဒေသခံများသည် ထိုင်းလူ့အခွင့်အရေးကော်မရှင်က ပြုလုပ်သော ကြားနာပွဲတွင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများနှင့် ပတ်သက်၍ အစစ်ဆေးခံခဲ့သည် ။ ကြားနာပွဲတွင် လူ့အခွင့် အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ထင်ဟပ်မီးမောင်းထိုးပြထားသည့် "လူထုထဲက အသံများ : ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအပေါ် စိုးရိမ်မှုများ" အစီရင်ခံစာအား ပေးအပ်ထုတ်ပြန်ခဲ့သည် ။ အစီရင်ခံစာအရ ကျေးရွာ ၂၀ မှ ၃၆ ရွာအထိ အိမ်ထောင်စုပေါင်း ၄၃၈၄ မှ ၇၈၀၇ အထိ သို့မဟုတ် လူဦးရေ ၂၂၀၀၀ မှ ၄၃၀၀၀ အထိ စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်နိုင်ကြောင်းသိရသည် ။

ထိုင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးဘုတ်အဖွဲ့မှ ကိုယ်စားလှယ်က ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ တရားဝင်သဘောတူခဲ့ခြင်းမရှိသောကြောင့် ထိုင်းအစိုးရအနေဖြင့် စီမံကိန်းနှင့် ပတ်သက်သော ထိခိုက်မှုများနှင့် ပတ်သက်၍ တာဝန်မရှိကြောင်း ကြားနာပွဲအတွင်း ငြင်းဆိုသွားခဲ့သည် ။ ထိုင်းအစိုးရ တာဝန်ရှိသူများကထိုင်းလူ့အခွင့်အရေးကော်မရှင်အားပြောဆိုရာတွင် ထိုင်းအစိုးရထက် မြန်မာအစိုးရနှင့် အီတာလျံထိုင်း ကုမ္ပဏီတွင်သာ တာဝန်ရှိကြောင်း အဓိကပြောဆိုသွားခဲ့သည် ။ မည်သို့ပင်ဆိုစေကာမူ သဘောတူညီချက် မူဘောင်အသစ်အရ မြန်မာအစိုးရနှင့် ထိုင်းအစိုးရ နှစ်ရပ်မှ ဖက်စပ်ကုမ္ပဏီအား တည်ထောင်ပြီး ဖြစ်သည့်အတွက် ထိုင်းအစိုးရနှင့် မြန်မာအစိုးရနှစ်ရပ်လုံးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကြောင့်ဖြစ်ပေါ်ခဲ့သော ထိခိုက်မှုများကို တိုက်ရိုက် တာဝန်ရှိကြောင်း DDA မှ ယုံကြည်သည် ။

"ကျွန်တော်တို့က စီမံကိန်းကို ဆန့်ကျင်နေတာ မဟုတ်ဘူး ။ လွန်ခဲ့တဲ့ ၃ နှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဆိုးကျိုးနဲ့ ထိခိုက်မှုတွေကို တာဝန်ယူမှု တာဝန်ခံမှုရှိစွာနဲ့ လုပ်ဆောင်ဖို့ တောင်းဆိုနေတာပါ ။ အီတာလျံထိုင်းက သူတို့နဲ့ မဆိုင်တော့ဘူးပြောတယ် ။ နောက် သူတို့ကပဲ ထားဝယ်စီမံကိန်း ကနဦးအဆင့်အတွက် တင်ဒါအောင်ပြီ လို့ကြေညာတယ် ။ ဘာလို့ ဒီလိုဖြစ်ရတာလဲ" ဟု ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့မှ ညှိနှိုင်းရေးမှူး သန့်ဇင်မှ ပြောဆိုသည် ။

**Dawei Development Association**
Dawei Township, Tanintharyi Region,Myanmar
dda.dawei@gmail.com

## ဆက်သွယ်ရန်

သန့်စင် - Thant Zin : +959422190691 or kgkinpyar13.3@gmail.com
ရဲလင်းမြင့် - Ye Lin Myint : +95 973132317 or yelinm@gmail.com
ဘိုဘိုအောင် - Bo BoAung : +95 250267025 or alc.bobo@gmail.com